# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။

(၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေပုဒ်မ ၅ အစား၊ အောက်ပါကို ပုဒ်မ ၅ အဖြစ်ထည့်သွင်းရမည်။

"၅။ ပြည်ထောင်စုမြန်မာနိုင်ငံသားများသည်၊ အသင်းတွင်အသင်းသားအဖြစ်ပါဝင်လိုလျှင်၊ အသင်းသားအဖြစ် ပါဝင်လိုသူများ လိုက်နာရန် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၃။ အဆိုပါ အက်ဥပဒေပုဒ်မ ၇ အစား၊ အောက်ပါကို ပုဒ်မ ၇ အဖြစ်ထည့်သွင်းရမည်။

"၇။ (၁) အသင်း၏အခြေခံအသင်းခွဲများကိုလိုအပ်သလိုဖွဲ့စည်းတည်ထောင်နိုင်သည်။

(၂) အသင်း၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံသည်၊ အသင်း၏ မူဝါဒ ချမှတ်ပေးသော အချုပ်အချာအဖွဲ့ ဖြစ်ရမည်။ ယင်းညီလာခံကို သုံးနှစ်လျှင်အနည်းဆုံး တကြိမ်ကျင်းပရမည်။

(၃) ပုဒ်မခွဲ (၂) အရ အသင်း၏နိုင်ငံလုံးဆိုင်ရာပထမညီလာခံကို ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေကို ပြင်သည့် ဥပဒေ စတင် အာဏာတည်သည့်နေ့မှ တဆယ့်ရှစ်လအတွင်းကျင်းပရမည်။

(၄) ကြက်ခြေနီ ဗဟိုကောင်စီတခုကို ဖွဲ့စည်းရမည်။ ထို ဗဟိုကောင်စီသည်၊ အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်ရမည့်ပြင်၊ ၎င်းတွင်အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ ရွေးကောက် တင်မြှောက်သည့် သုံးဆယ်ဦးထက် မနည်း၊ သုံးဆယ့်ငါးဦးထက် မပိုသော ပုဂ္ဂိုလ်များ။

(ခ) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး။

(ဂ) ဗဟိုပြည်သူ့အလုပ်သမားကောင်စီမှကိုယ်စားလှယ်တဦး။

(ဃ) ဗဟိုပြည်သူ့တောင်သူ လယ်သမားကောင်စီမှ ကိုယ်စားလှယ်တဦး။

(င) ကျန်းမာရေးဝန်ကြီးဌာနမှကိုယ်စားလှယ်တဦး။

(စ) ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ် စား လှယ်တဦး။

(ဆ) အစိုးရကအခါအားလျော်စွာ ရွေးချယ်ခန့်ထားသည့်ဆယ်ဦးထက်မပိုသောပုဂ္ဂိုလ်များ။

(၅) ဗဟိုကောင်စီ၏ ဥက္ကဋ္ဌတဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦးနှင့် အကျိုးဆောင် အတွင်းရေးမှူးတဦးကို ကောင်စီလူကြီးများက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

(၆) ဗဟိုကောင်စီသည်၎င်း၏လုပ်ငန်းနှင့်စပ်လျဉ်း၍အကျိုးပြုမည်ဟု ယူဆလျှင်ရှစ်ဦးထက်မပိုသည့်ပုဂ္ဂိုလ်များကိုကောင်စီလူကြီးများအဖြစ် ထပ်မံဖြည့်စွက်ခန့်ထားနိုင်သည်။''

၄။ ။(၁) အထက်ပါပုဒ်မ ၃ ဖြင့် ထည့်သွင်းသည့် ပုဒ်မ ၇၊ ပုဒ်မခွဲ (၃) အရ အသင်း၏နိုင်ငံလုံးဆိုင်ရာ ပထမညီလာခံဘိတ်ခေါ်ကျင်းပရေး၊ ညီလာခံသို့ ကိုယ်စားလှယ်များစေလွှတ်ရေး၊ ညီလာခံ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ညီလာခံထမြောက်ရန် တက်ရောက်ရမည့် ကိုယ်စားလှယ်ဦးရေ အပါအဝင်ဖြစ်သည့် ညီလာခံ ကျင်းပစေသည်တို့မှာ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း ဖြစ်ရမည်။

(၂) လက်ရှိမြန်မာနိုင်ငံ ကြက်ခြေနီအသင်း နည်းဥပဒေများ မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ အခြေခံစည်းမျဉ်းများနှင့် ကျင့်ထုံးအားလုံးသည်၊ သက်ဆိုင်ရာက မပြင်သေးသမျှ ဤဥပဒေနှင့် မဆန့်ကျင်သရွေ့သာလျှင် ဆက်လက်အာဏာတည်စေရမည်။

(၉) အထက်ပါ အသင်း၏ နိုင်ငံလုံးဆိုင်ရာ ပထမ ညီလာခံ ကျင်းပပြီးနောက်၊ လက်ရှိကြက်ခြေနီ ဗဟိုကောင်စီ၊ အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံ သူနာပြုတပ်ဖွဲ့၊ ထိုသူနာပြုတပ်ဖွဲ့အုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ခွဲများ၊ အသင်းခွဲများ စသည်တို့ကို ပြန်လည် မဖွဲ့စည်းသေးမီ၊ ၎င်းတို့သည် ဆက်လက်တည်ရှိ၍ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည့်ပြင်၊ လက်ရှိဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ တာဝန် ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။

(၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။